# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 9 , 2022 Volume 58, Number 7


**၉.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၁၉.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၃.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၄၁.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၁.၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၃.၃၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၃၉၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၆၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၈၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၄၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## လက်ရှိဘဏ္ဍာနှစ် ငါးလနီးပါးအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ခုနစ်သိန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၅၁၃ သန်းကျော်ရရှိ

လက်ရှိဘဏ္ဍာနှစ် ငါးလနီးပါးအတွင်း ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ခုနစ်သိန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေဒေါ်လာ ၅၁၃ သန်းကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၆၆၀၈၀၆ ဒသမ ၅၀၀ တန် တင်ပို့မှုမှ တန်ဖိုးဒေါ်လာ ၅၁၃ ဒသမ ၃၄၇ သန်းရရှိထားသည်။ ယင်းအနက် ပင်လယ်ရေကြောင်းမှ ၅၁၉၈၆၈ ဒသမ ၉၆၃ တန် တင်ပို့မှုမှ ဒေါ်လာ ၄၁၈ ဒသမ ၁၅၂ သန်း၊ နယ်စပ်မှ ၁၄၀၉၃၇ ဒသမ ၅၃၇ တန် တင်ပို့မှုမှ ဒေါ်လာ ၉၅ ဒသမ ၁၉၅ သန်းရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှစက်တင်ဘာလကုန်အထိ ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၁၅၇၀ ကျော်ရရှိခဲ့ပြီး ယခင်ဘဏ္ဍာနှစ်ကထက် ဒေါ်လာ ၃၇၄ သန်းကျော် ပိုမိုရရှိခဲ့ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပင်လယ်ရေကြောင်းမှ ၁၂၄၂၇၇၅ ဒသမ ၂၃၁ တန် တင်ပို့မှုမှ ဒေါ်လာ ၉၆၆ ဒသမ ၄၀၇ သန်း၊ နယ်စပ်မှ ၇၈၆၉၂၀ ဒသမ ၆၅၁ တန် တင်ပို့မှုမှ ဒေါ်လာ ၆၀၄ ဒသမ ၃၀၀ သန်းဖြင့် စုစုပေါင်း ၂၀၂၉၆၉၅ ဒသမ ၈၈၂ တန်တင်ပို့မှုမှ ဒေါ်လာ ၁၅၇၀ ဒသမ ၇၀၇ သန်းရရှိခဲ့သည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၆ သန်းကျော် တင်ပို့မှုမှ ဒေါ်လာ ၁ ဒသမ ၂ ဘီလျံနီးပါးရရှိထားပြီး ယခင်နှစ်ထက် တင်ပို့မှုတန်ချိန် နှစ်သောင်းသုံးထောင်ကျော် လျော့ကျခဲ့သော်လည်း ဝင်ငွေဒေါ်လာသန်း ၁၉၀ နီးပါးအထိ ပိုမိုရရှိခဲ့သည်။

တစ်နှစ်အတွင်း နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့မှုမှဒေါ်လာသန်း ၃၀၀ နီးပါးရရှိခဲ့ပြီး ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ သန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ပဲအမျိုးမျိုးတင်ပို့ရာ၌ မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၀ ဒသမ ၅၈ သန်း၊ ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၁၈၈ ဒသမ ၆၇ သန်း၊ ပဲစင်းငုံတင်ပို့မှုမှဒေါ်လာ ၀ ဒသမ ၂၉ သန်း၊ ကုလားပဲတင်ပို့မှုမှ ဒေါ်လာ ၀ ဒသမ ၃၇ သန်း၊ ပဲလွန်းတင်ပို့မှုမှ ဒေါ်လာ ၉ ဒသမ ၀၈ သန်း၊ ထောပတ်ပဲ တင်ပို့မှုမှ


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ဒေါ်လာ ၂၀ ဒသမ ၉၈ သန်း၊ မြေထောက်ပဲတင်ပို့မှုမှ ဒေါ်လာ ၁၄ ဒသမ ၁၉ သန်း၊ အခြားပဲများတင်ပို့မှုမှ ဒေါ်လာ ၆၄ ဒသမ ၅၅ သန်းရရှိခဲ့သည်။

တစ်နှစ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ပဲအမျိုးမျိုးတင်ပို့မှုမှ ဒေါ်လာသန်း ၇၇၀ ကျော် ရရှိခဲ့ပြီး မတ်ပဲတင်ပို့မှုမှ ဒေါ်လာ ၄၃၆ သန်းကျော်နှင့် ပဲတီစိမ်းတင်ပို့မှုမှ ဒေါ်လာ ၂၂၄ သန်းကျော်ရရှိခဲ့ခြင်းဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမှထွက်ရှိသည့် ပဲမျိုးစုံများအနက် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံစသည့် ပဲအမျိုးအစားသုံးခုကို ပြည်ပသို့ အများဆုံးတင်ပို့နေခြင်းဖြစ်သည်။ ယင်းအနက် မတ်ပဲနှင့်ပဲစဉ်းငုံကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ပဲတီစိမ်းကို တရုတ်နှင့်ဥရောပနိုင်ငံတချို့သို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်ပဲမျိုးစုံ စိုက်ဧက ၁၁ သန်းကျော်ရှိပြီး မတ်ပဲနှင့်ပဲစင်းငုံစိုက်ပျိုးမှု ၃၅ ရာခိုင်နှုန်းကျော်ရှိသည်။

မြန်မာနိုင်ငံတွင် ပဲမျိုးစုံ ၁၈ မျိုးအား နှစ်စဉ်စိုက်ဧကစုစုပေါင်း ၁၁ ဒသမ ၄၅ သန်းခန့် စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း ၂၆ ရာခိုင်နှုန်း၊ မတ်ပဲ ၂၅ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၁၅ ရာခိုင်နှုန်း ကုလားပဲ ရှစ်ရာခိုင်နှုန်း စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

**Source:** https://news-eleven.com/article/237067

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငါးလအတွင်း မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၁၂၃၀ ကျော် ဝင်ရောက်ခဲ့ပြီး နိုင်ငံအလိုက်အနေဖြင့် စင်ကာပူနိုင်ငံက ဒေါ်လာ သန်း ၁၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငါးလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာသန်း ၁၂၃၀ ကျော် ဝင်ရောက်ခဲ့ပြီး နိုင်ငံအလိုက်အနေဖြင့် စင်ကာပူနိုင်ငံက ဒေါ်လာသန်း ၁၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီမှသြဂုတ်လကုန်အထိ ငါးလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံအလိုက်ဝင်ရောက်မြှုပ်နှံမှု အနေဖြင့် စင်ကာပူနိုင်ငံက ဒေါ်လာ ၁၀၈၉ ဒသမ ၄၇၇ သန်း၊ Belize ကဒေါ်လာ ၁ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၅၆ ဒသမ ၇၁၃ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ၂ ဒသမ ၅ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ၇၀ ဒသမ ၂၃၉ သန်း၊ အိန္ဒိယက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁ ဒသမ ၅၄၅ သန်း၊ ဂျပန်က ၃ ဒသမ ၁ သန်း၊ R.O.K ကရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂ ဒသမ ၈ သန်း၊ ထိုင်းက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာသုံးသန်းဝင်ရောက် မြှုပ်နှံထားခြင်းဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) ခြောက်လအတွင်း နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံမှုအနေဖြင့် စင်ကာပူက ရင်းနှီး မြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၉၇ ဒသမ ၃၄၉ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၄၂ ဒသမ ၁၃၇ သန်း၊ တိုင်ပေက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၈ ဒသမ ၆၄၁ သန်း၊ ပြင်သစ်က ဒေါ်လာ ဝ ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၁၄၀ သန်း၊ အိန္ဒိယနိုင်ငံက ဒေါ်လာ ဝ ဒသမ ၅၅၀ သန်း၊ အင်ဒိုနီးရှားနိုင်ငံက ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ၄ ဒသမ ၅၃၀ သန်း၊ မလေးရှားက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ဝ ဒသမ ၃၁၂ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင်ဒေါ်လာ ၆၂ ဒသမ ၆၉၃ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာနှစ်သန်း၊ Seychelles က ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာခုနစ်သန်း၊ နယ်သာလန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာလေးသန်း၊ U.Kက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ဒေါ်လာ ဝ ဒသမ ၃၃၅ သန်း၊ နီပေါက ဒေါ်လာ ၁ ဒသမ ၅ သန်း ဝင်ရောက်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စုစုပေါင်း လုပ်ငန်းအသစ် ၂၄၅ ခုကို ရင်းနှီးမြှုပ်နှံမှုပမာဏဒေါ်လာ ၄ ဒသမ ၂၃၅ ဘီလျံဖြင့် ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပြီး ဆောင်ရွက်ဆဲ လုပ်ငန်းဖြစ်သော လုပ်ငန်းအရေအတွက် ၁၁၀ ခုအတွက် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁ ဒသ မ ၂၈၁ ဘီလျံ ထပ်မံတိုးမြှင့်

ခွင့်ပြုပေးခဲ့သဖြင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅ ဒသမ ၅၂၆ ဘီလျံခွင့်ပြုပေးခဲ့သည်။ အခြားတစ်ဖက်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှစ်ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၆၃ ဒသမ ၂၇၇ သန်းခွင့်ပြုပေးခဲ့သဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပမာဏမှာ ဒေါ်လာ ၅ ဒသမ ၆၈၉ ဘီလျံခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပြန်ထားသည်။

**Source:** https://news-eleven.com/article/237070

## ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ ကျင်းပပြုလုပ်မည့် Ambiente 2023 ကုန်စည်ပြပွဲ



https://www.logisticsguide.com.mm

Ambiente ကုန်စည်ပြပွဲသည် ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ နှစ်စဉ် ဖေဖော်ဝါရီလတိုင်း Messe Frankfurt GmbH က စီစဉ်ကျင်းပသည့် လူ့အသုံးအဆောင်အမျိုးမျိုး (Household Goods, Glasswares, Ceramics) ပြသသော ထိပ်တန်းစာရင်းဝင် ကုန်စည်ပြပွဲကြီးဖြစ်သည်။

ပြပွဲသည် နှစ်စဉ်နိုင်ငံတကာမှ လူသုံး၊ အိမ်သုံး၊ ကုန်ပစ္စည်းအမျိုးမျိုး ပြသသူများနှင့် လာရောက်လေ့လာသူများတွေ့ဆုံရာ ခေတ်မီပြပွဲစင်တာကြီးတစ်ခုဖြစ်ပြီး နိုင်ငံပေါင်းစုံမှ ပြခန်းများတွင် အိမ်တွင်းအလှဆင်ဒီဇိုင်းပုံစံများ ပရိဘောဂအသုံးအဆောင်များနှင့် အလှဆင်ပြုပြင်မွမ်းမံခြင်းများ ပါဝင်သည့်အပိုင်း (Living)၊ လက်ဆောင်ပစ္စည်းအမျိုးမျိုးနှင့် အသုံးအဆောင်ပစ္စည်းများပါဝင်သည့်အပိုင်း (Giving)၊ အိမ်အသုံးအဆောင်နှင့် မီးဖိုဆောင်သုံးပစ္စည်းများ စုစည်းရာအပိုင်း (Dining) ဟူ၍ ခွဲခြားသတ်မှတ်ပြီး ခင်းကျင်းပြသခြင်းဖြစ်သည်။

Source: https://www.logisticsguide.com.mm/en/knowledge/trade-centre/226561-ambiente-2023.html

## ရေနံစိမ်းစည်ပေါင်းသန်း ၁၀၀ ကျော် တင်ပို့နိုင်ခဲ့သည့် အီရတ်နိုင်ငံ



https://www.logisticsguide.com.mm

အီရတ်နိုင်ငံသည် ဩဂုတ်လအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၁ ဒသမ ၈၅ သန်း တင်ပို့နိုင်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၈ဘီလီယံရရှိခဲ့ကြောင်း အီရတ်နိုင်ငံ ရေနံဝန်ကြီးဌာနက စက်တင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ဩဂုတ်လအတွင်း ရေနံစိမ်း၏ ပျမ်းမျှဈေးနှုန်းမှာ တစ်စည်လျှင် ၉၆ ဒသမ ၀၅ ဒေါ်လာရှိကြောင်း ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့၏ စာရင်းအချက်အလက်များကို ကိုးကား၍ ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရေနံစည်စုစုပေါင်း ၁၀၀ ဒသမ ၇၅ သန်းကို ဘာဆရာမြို့ဆိပ်ကမ်းမှတစ်ဆင့် အီရတ်နိုင်ငံအလယ်ပိုင်းနှင့်တောင်ပိုင်းသို့ ရေနံများကိုတင်ပို့နိုင်ခဲ့ပြီး မြေထဲပင်လယ်ရှိ တူကီယဲဆိပ်ကမ်း စိုင်ဟန်မြို့မှတစ်ဆင့် ကာကွခ်ပြည်နယ်မြောက်ပိုင်းမှ ရေနံစည် ၁ ဒသမ ၁၀သန်းကို တင်ပို့နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီလအတွင်းမှစကာ ကမ္ဘာ့ဈေးကွက်တွင် ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့သည်။ အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုပေါ်တွင် အဓိကမှီခိုနေရပြီး နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်းသိရသည်။

**Source: Xinhua**

https://www.logisticsguide.com.mm/en/industry-news/export-import/226560-2022-09-08-08-30-44.html

## MIHAS ၂၀၂၂ ကုန်စည်ပြပွဲအား မလေးရှားနိုင်ငံတွင်ပြုလုပ်

MIHAS ၂၀၂၂ ကုန်စည်ပြပွဲအား မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၏ နိုင်ငံတကာကုန်သွယ်မှုနှင့်ပြပွဲဗဟိုဌာန (MITEC) ၏ Grand Ballroom တွင် ကျင်းပပြုလုပ်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ဝန်ကြီးချုပ်အစ္စမေး ဆာဘရီဘင်ဟာကော့မှ ဖွင့်လှစ်ပေးခဲ့သည်။

"အကယ်၍သင့်အနေဖြင့် သင်၏ Halal လုပ်ငန်းကို အမြင့်ဆုံးသို့တိုးမြှင့်ရန် စိတ်ဝင်စားပါက MIHAS သို့ သွားရောက်ပြီး ကမ္ဘာတစ်ဝှမ်းရှိ အခြားသောစွန့်ဦးတီထွင်သူများနှင့်ချိတ်ဆက်မှုပြုလုပ်နိုင်ပါသည်" ဟုဆိုကာ ဧည့်သည်တော်စာရင်း တင်သွင်းရန် လင့်ခ်လဲပေးထားသည်။

ယခုနှစ် စက်တင်ဘာလ ၇ ရက်မှ ၁၀ ရက်အထိကျင်းပမည့် အဆိုပါကုန်စည်ပြပွဲတွင် ကုမ္ပဏီပေါင်း ၄၀၀ ကျော် ပြသမည် ဖြစ်ပြီး လူဦးရေ ၃၀၀၀၀ကျော် တက်ရောက်မည်ဟု မျှော်မှန်းထားပြီး ပွဲအတွင်း၌သာမက အွန်လိုင်းကပါ မိမိကုန်စည်အား မိတ်ဆက်ပြသနိုင်ရန် စီစဉ်ထားသည်ဟု သိရှိရသည်။

ယခုနှစ်တွင်ပြုလုပ်သည့် ၁၈ ကြိမ်မြောက် MIHAS ကုန်စည်ပြပွဲတွင် အဓိကအားဖြင့် အစားအသောက်၊ ဆေးဝါးများ၊ e-commerce ၊ မီဒီယာနှင့်အပန်းဖြေမှု၊ အစ္စလာမ့်ဘဏ္ဍာရေး၊ ဖက်ရှင်၊ တစ်ကိုယ်ရည် စောင့်ရှောက်မှုနှင့်အလှကုန်၊ မွတ်စ်လင်ခရီးသွားလုပ်ငန်းအပါအဝင် အစ္စလာမ်အနုပညာနှင့်ယဉ်ကျေးမှုကဏ္ဍစသဖြင့် အစုအဖွဲ့ ၁၃ ခုပါဝင်ကြောင်း MATRADE ၏ CEO ကဆိုသည်။ ယခုနှစ်တွင် ကူဝိတ်၊ အင်ဒိုနီးရှား၊ ထိုင်း၊ တောင်အာဖရိကနှင့်ပါလက်စတိုင်းတို့သည် ကုန်စည်ပြပွဲတွင် ထိပ်တန်းပြသသူများဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

၁၈ကြိမ်မြောက် MIHAS ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ May Yu Trading Co. Ltd, Asia Winner Industrial Ltd တို့ကို Matrade Myanmar မှ ဦးစီးပြီး ပြပွဲနေ့မတိုင်ခင် ကမ္ဘာ့အရပ်ရပ်မှ ပြပွဲလာပြသသောကုမ္ပဏီအားလုံးနှင့် Business matching ပြုလုပ်ပေးခြင်း၊ ပြပွဲသို့ သွားရောက်လေ့လာခွင့်များရရှိခဲ့ကြောင်း သိရှိရသည်။

Malaysia International Halal Showcase သို့မဟုတ် MIHAS သည် မလေးရှား ပြည်ပကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း(MATRADE) မှ ကြီးမှူးပြီး Shapers Malaysia မှ စီမံခန့်ခွဲသော နှစ်စဉ်ကုန်စည်ပြပွဲတစ်ခုဖြစ်သည်။ အရည်အသွေးပြည့်မီသော Halal ထုတ်ကုန်များနှင့်ဝန်ဆောင်မှုများကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဖြန့်ဖြူးရောင်းချနိုင်စေရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

Source: Popular News Journal

## တရုတ်နိုင်ငံရဲ့ဝယ်လိုအားကြောင့် သဘာဝပေါက်ပင်ကထွက်ရှိတဲ့ တောထန်းမြစ် တစ်ပိဿာ ကျပ် ၂၀၀၀၀ အထိ ဈေးရနေ




မန္တလေးနဲ့မကွေးဈေးကွက်မှာ တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကြောင့် သဘာဝပေါက်ပင်ကထွက်ရှိတဲ့ တောထန်းမြစ်တစ်ပိဿာ ကျပ် ၂၀၀၀၀ အထိ ဈေးရရှိနေတယ်လို့ ကုန်သည်တွေနဲ့ ဒေသခံတွေဆီက သိရပါတယ်။

ဩဂုတ်ဒုတိယအပတ်လောက်ကစပြီး တောထန်းမြစ်ကို တူးဖော်ရောင်းချနေတဲ့ဒေသခံတွေကို တရုတ်ကုန်သည်တွေက အစိုတစ်ပိဿာ ကျပ် ၅၀၀၀ ဝန်းကျင်ပေးဝယ်ပြီး အခြောက်တစ်ပိဿာကို ကျပ် ၂၀၀၀၀ ဈေးကောင်းပေးဝယ်နေတယ်လို့ သိရပါတယ်။ တောထန်းမြစ်တူးသူတွေမှာ အခြေခံလူတန်းစားတွေပါဝင်ပြီး တစ်ဦးကို တစ်နေ့ ၄ ပိဿာလောက်တူးနိုင်လို့ ပြည်သူတွေရဲ့ နေ့စဉ်စားသောက်ဖို့အခက်အခဲကို ယာယီဖြေရှင်းလို့ရနေတာဖြစ်တယ်လို့ မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ်က ဒေသခံတချို့ကပြောပါတယ်။

တောထန်းမြစ်ကို တရုတ်နိုင်ငံမှာ ဆေးဝါးဖော်စပ်တဲ့နေရာမှာအသုံးပြုပြီး လက်ရှိမန္တလေးဈေးကွက်အတွင်းသို့ မိုးမိတ်၊ မိုးကုတ်၊ သပိတ်ကျင်း၊ ကောလင်း၊ ထီးချိုင့်၊ ယင်းမာပင်၊ ပုလဲ၊ ချင်းတွင်းမြစ်အနောက်ဘက်မှ တောထန်းမြစ်တွေ ဝင်ရောက်မှုရှိနေတယ်လို့ သိရပါတယ်။ တောထန်းမြစ်ကို တစ်နှစ်တစ်ရာသီ မိုးနှောင်းကာလ စက်တင်ဘာလနဲ့အောက်တိုဘာလ တို့မှာ တူးဖော်ပြီး ဈေးကွက် အတွင်းသို့ရောင်းချကာ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့မကွေးတိုင်းဒေသကြီး အနောက်ခြမ်းဒေသတို့မှာ ပေါက်ရောက်လေ့ရှိတယ်လို့ သိရပါတယ်။

(ဤဆောင်းပါးနှင့်ပုံကို Myanma Platform မှ ကူးယူဖော်ပြပါသည်။)

Source: htwettoe

## အာရှမှရေနံစိမ်းဝယ်လိုအားပိုများလာဟု အီရတ်နိုင်ငံ၏ ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့ အကြီးအကဲဆို

အီရတ်နိုင်ငံသည် အာရှသို့တင်ပို့သည့် ရေနံစိမ်းပမာဏတိုးမြှင့်ရန် တောင်းဆိုမှုများကို လက်ခံရရှိခဲ့ကြောင်း နိုင်ငံပိုင် ရေနံရောင်းဝယ်ရေးအကြီးအကဲ SOMO ကနိုင်ငံပိုင်သတင်းအေဂျင်စီ အိုင်အင်န်အေသို့ စက်တင်ဘာ ၉ ရက် သောကြာနေ့တွင် ပြောကြားခဲ့သည်။

အီရတ်အနေဖြင့်လည်း ပြည်ပသို့တင်ပို့ရန် ရရှိနိုင်သည့် ပိုလျှံရေနံပမာဏအားလုံးကိုတင်ပို့နေကြောင်း ၎င်းကဆိုကာ "အခုအချိန်မှာ ရုရှားကရေနံစိမ်းကို လျှော့ဈေးနဲ့ကမ်းလှမ်းထားတာတောင် တရုတ်နဲ့အိန္ဒိယတို့ဟာ အီရတ်ရေနံစိမ်းကို ဝယ်ယူဖို့လက်လျှော့မှာ မဟုတ်ပါဘူး" ဟု Alaa al-Yasiri ကပြောသည်။

"အီရတ်ဟာ လွန်ခဲ့တဲ့သုံးနှစ်အတွင်း အိန္ဒိယနှင့်တရုတ်ကို ရေနံစိမ်းထိပ်တန်းတင်သွင်းသူဖြစ်ခဲ့ပေမဲ့ အခုနှစ်ဈေးကွက်မှာ ရုရှားက ကျွန်တော်တို့အတွက် ပြိုင်ဖက်ဖြစ်လာပါလိမ့်မယ်" ဟု Yasiri မှ ပြောကြားခဲ့သည်။

Source: Reuters/st

https://wp.me/paRxJm-m3a

## STOCK EXCHANGE (9.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 9th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,500 | 10,500 | 10,000 | 3,240 | 33,807,000 | 33,109,694 | 347,652 |
| MTSH | 00002 | 3,500 | -250 | -6.67% | 3,750 | 3,750 | 3,500 | 6,245 | 22,281,450 | 38,929,150 | 136,252 |
| MCB | 00003 | 7,900 | +0 | +0.00% | 8,000 | 8,000 | 7,900 | 195 | 1,541,500 | 10,400,986 | 82,168 |
| FPB | 00004 | 22,000 | -2,000 | -8.33% | 23,500 | 23,500 | 22,000 | 1,069 | 23,933,000 | 2,472,053 | 54,385 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,750 | 2,800 | 2,750 | 645 | 1,803,750 | 12,823,224 | 35,905 |
| EFR | 00006 | 2,700 | -200 | -6.90% | 2,800 | 2,800 | 2,700 | 1,410 | 3,947,200 | 19,977,223 | 53,939 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 253 | 1,366,200 | 10,497,598 | 56,687 |

### Market summary

As of 9th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 440.89 | -10.74 | -2.38% | 451.51 | 451.51 | 432.16 | 13,057 | 88,680,100 | 7 | 766,988 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 9th Sep. 2022

| MYANPIX | 440.89<br>▼ 10.74 |
|---|---|
| Total Volume (shares) | 13,057 |
| Total Value (MMK) | 89 mil |
| Listed Company | 7 |
| Market Cap. (MMK) | 766,988 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 250 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 22,000 | ▼ 2,000 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,700 | ▼ 200 |
| AMATA | 00007 | 5,400 | ▲ 0 |

TIR